# အခန်း (၁၃)

# မိသားစုဝင်အားလုံးအမှုတော်ဆောင်ခြင်းသည် အသင်းတော်ကျန်းမာသန်စွမ်းရန် လုပ်ဆောင်ပေးသော သော့ချက်ဖြစ်သည်

# (Ministry Households – Key to Healthy Churches)

မျက်မှောက်ကာလတွင်ဖြစ်ပျက်သော ခေလေ့ထုံးစံအရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မြင်တွေ့သည့်အရာကို အမှန်ကန်ဆုံးဟု သတ်မှတ်ကာ ဆုပ်ကိုင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လေ့လာတတ်မြောက်ခြင်း၊ ရာထူးနှင့်ပိုင်ဆိုင်မှုများအားဖြင့် ကျွန်ုပ်တို့အယောက်စီတိုင်းက မိမိကိုယ်ကို မှန်ကန်သည်ဟု သက်သေပြတတ်ကြသည်။ ကျွန်ုပ်တို့ထက် အယူဝါဒပိုင်းဆိုင်ရာ သာ၍ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်ရန် ကျွန်ုပ်တို့၌အခက်အခဲရှိကြပါသည်။

သို့သော် သမ္မာကျမ်းစာကထူးခြားသော နမူနာပုံစံကိုဖော်ပြထားပါသည်။ ဆွေမျိုးများ၊ မိသားစုများ အထူးသဖြင့်ခရစ်တော်၏ခန္ဓာကိုယ် စသည်တို့နှင့်ပေါင်းစည်းကာ လူတွေကသူတို့၏မှန်ကန်မှုကို သက်သေပြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဖော်ပြရလျှင် အနောက်တိုင်းသားအများစုက ခရစ်တော်ပြောကြားခြင်းကလွှဲ၍ တခြားသောယူဆချက်ကို သူတို့မှာမရှိတော့ပေ(မဿဲ ၁၉း၆၊ မာကု ၁၀း၈)။ ခရစ်တော်ပြောကြားသည့်အကြောင်းအရာကတော့ ဇနီးမောင်နံတို့၏အကြောင်းဖြစ်ပါသည်။ “လင်မယားတို့သည် နှစ်မဟုတ်တစ်ဦးတည်းဖြစ်၏။” သို့မဟုတ် ပေါလုပြောကြားချက်ဖြစ်သော(ရောမ ၁၂း၅) “ထိုအတူ အများဖြစ်သော ငါတို့သည် ခရစ်တော်၌တကိုယ်တည်းဖြစ်၍ အသီးသီးအင်္ဂါချင်းဖြစ်ကြ၏။”

ဤအမှန်တရာနှစ်ခုကို ကျွန်တော်သည်ကျမ်းစာသွန်သင်သည့်အတိုင်း အမြဲတမ်းပွေ့ပိုက်ထားသည်။ သို့သော် လက်တွေ့ကျကျကျွန်တော်စဉ်းစားသောအခါ ကျွန်တော်နှင့်ကျွန်တော့်ဇနီးသည် ဇနီးမောင်နှံဖြစ်ခြင်းအားဖြင့် ရင်းနှီးကျွမ်းဝင်ဆုံသောသူတွေဖြစ်ခြင်းကို ကျော်လွှားကာ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးတည်းဖြစ်ခြင်းကို စသ်းစားသောအခါ မလက်ခံနိုင်ခဲ့ပေ။ ထိုနည်းတူ ကျွန်ုပ်၏ အသင်းတော်ပိုင်းဆိုင်ရာအတွေ့အကြုံက ယုံကြည်သူအားလုံးတို့သည် လုပ်ငန်းခွင်တစ်နေရာတွင် ပါဝင်စုရုံးလာကြသည်ဟု အယူဝါဒကို သိမြင်စေခဲ့ပါသည်။

ဓမ္မသစ်ကျမ်းထဲတွင် ကိုယ်ပိုင်အိမ်များ၌ စုရုံးခြင်းဖြစ်သော တမန်တော်များ၏ဖွဲ့စည်းပုံကို သိရှိရန် သခင်ဘုရားကများစွာသောသူများကို လမ်းပြပို့ဆောင်သည်နည်းတူ၊ ၎င်းလူထုထဲတွင် အများစုက မတိတ်ကာလတွင်သူတို့၏ အတွေ့အကြုံနှင့် နားလည်သဘောပေါက်ခြင်းအားဖြင့် ကျွန်တော်ကဲ့သို့ ၎င်းအစည်းအဝေးတွင် ဝန်ထိုးဝန်ထုတ်ရှိလိမ့်မည်ကို ကျွန်တော်တွေးတောမိပါသည်။ သို့သော် ယနေ့အိမ်အသင်းတော်အများအပြားတွင် ခရစ်တော်၏ကိုယ်ခန္ဓာထဲ၌ ညီတူညီမျှသိရှိနားလည်ခြင်းနှင့်တွေ့ကြုံခံစားလိုခြင်းများ ရရှိနိုင်ရန်အတွက် သခင်ဘုရားကမျက်ဝါးထင်ထင်စုစည်းထားပါသည်။ သူကသမ္မာတရား၌စည်းလုံးကာ တစ်ခုတည်းသောခံယူချက် ရှိနိုင်ရန်အတွက် ကျွန်ုပ်တို့ကို မောင်းနှင့်နေပါသည်။ ထို့ပြင် အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခြင်းထက်သာ၍ အင်းအားတောင့်တင်းသော အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရန်အတွက်သူက ကျွန်ုပ်တို့ကို ပေါင်းစည်းထားပါသည်။

သူသည် မျသားစုတစ်ခု၏ စည်းလုံးခြင်းနှင့်တန်းတူရည်တူရှိခြင်းကို အခြေပြုကာ ပေါင်းစည်းခြင်းနည်းလမ်းကို အသုံးပြုခြင်းအားဖြင့် ဤအမှုကိုပြုနေသည်။ အိမ်တွင်စာသင်ပေးခြင်းလှုပ်ရှားမှု၏တစ်ခုတည်းသောယူဆချက်သည်(မျက်ဝါးထင်ထင် သီးသန့်တည်ရှိသော ဘုရားသခင်၏လုပ်ဆောင်မှု၊ သို့သော်ကျွန်ုပ်၏သံသယသည် ဘုရားသခင်၏စုပေါင်းလုပ်ဆောင်မှုဆိုင်ရာရည်ရွယ်ချက်ဖြစ်သည်။) အသင်းတော်တွင် မိသားစုတစ်ခုလုံးစည်းစည်းလုံးလုံးဖြင့် အမှုတော်ထမ်း

ဆောင်နိုင်ရန် ဘုရားသခင်ပြင်ဆင်ပေးထားခြင်းပင်ဖြစ်သည်။ သမိုင်းဖော်ပြချက်အရကြည့်ပါက အနောက်တိုင်းသားများ၏ လူနေမှုရေးတွင် အသီးသီး/တစီးစီတိုင်းလုပ်ဆောင်ခြင်းက သူတို့၏ ဦးနှောက်ပိုင်းဆိုင်ရာ အသိပညာကို ဖြည်းညှင်းစွာထက်မြက်စေခဲ့သည်။ ယုံကြည်သူများက သူတို့၏ "မိသားစုတစ်ခုလုံးသာသနာလုပ်ငန်းတွင် ဝိညာဉ်တန်ခိုးပါရှိခြင်း" ကို သတိမထားတော့ပေ။ (ဤအခန်းမှဖော်ပြထားသော စာပိုဒ်၏အဓိကဖွင့်ဟခြင်းခေါင်းစဉ်)။

၁၉ ရာစုအသင်းတော်များ၌ ဘုရားသခင်က တိုင်းတစ်ပါးသို့သာသနာလုပ်ငန်းလုပ်ဆောင်သော ရှုပါရုံမျိုးစေ့ကို ဘုရားသခင်ကချပေးထားခဲ့သော်လည်း ဖျက်ဆီးရာဖျက်စီးကြောင်းကို ကြံစည်းသောမျိုးစေ့သည် အညှောက်ပေါက်ကာ ကြီးထွားဖို့ရန်အတွက် အစပြုခဲ့ပါသည်။ သာသနာလုပ်ငန်းလုပ်ကိုင်သောမိသားစုများက သူတို့သားသမီးတို့၏ ပညာရေးကိုသာ စဉ်းစားလာကြသည်။ ပညာရေးအဖွဲ့အစည်းကိုသာ ဦးစားပေးရန်အခြေအနေသို့ရောက်ရှိလာသောကြောင့် ၎င်းက သာသနာပြုအများအပြားနှင့်အမှုတော်ဆောင်ရန် စေလွှတ်ခြင်းခံရသူအများအပြားကို မျက်ဝါးထင်ထင်တိုက်ခိုက်နေပါသည်။ နောက်ပိုင်းတွင် သာသနာပြုသောသူများအတွက် တည်တော်ပေးထားသောသူများကျောင်းသည် တက်ရောက်လိုသူများအတွက် တဖြည်းဖြည်းတိုးတက်လာပါသည်။ ၂၀ ရာစုခုနှစ်တွင် သာသနာပြုမိဘများအတွက် ပညာရေးကဏ္ဍသည် အရေးကြီးသောအချက်ပင်ဖြစ်သည်။ ပညာသင်ချိန်တွင် သူတို့၏ သားသမီးတို့နှင့်အချိန်ကြာမြင့်စွာ ခွဲခွာရန်ဖြစ်သောကြောင့် သူတို့၏ သားသမီးတို့ကို အများအားဖြင့်ငယ်ရွယ်သည့်အချိန်တွင် ပညာရေးလိုက်စားစေခဲ့ပါသည်။ သာသနာပြုသောသူများ၏ သားသမီးများအတွက်အထူးထူထောင်ပေးသောကျောင်းများသည် နေရာတိုင်း၌တွေ့ရသည်။ ၎င်းစနစ်ကိုလည်း လူတိုင်းက လက်ခံကြပါသည်။ သာသနာပြုသူတို့၏ သားသမီးတို့သည် ရက်ရောစွာချစ်ခြင်းမေတ္တာဖြင့် ပေးလှူသောအလှူရှင်များပြုစုပေးသော မိဘမဲ့ကလေးကဲ့သို့ဖြစ်သွားပါသည်။ သို့သော် တစ်ခြားတိုင်းတစ်ပါးသို့ သွားရောက်အမှုတော်ဆောင်သောသူများ၏ သားသမီးအများအပြားက သူတို့မိဘတို့၏ ပေးဆပ်မှုများကို ခါးသီးစေခဲ့သည်။ ဝမ်းနည်းစရာအကြောင်းသည် ယနေ့ဘုရားသခင်အတွက် လုံးလုံးလျားလျားလုပ်ဆောင်မှုမရှိသော သာသနာပြုသူတို့၏သားသမီးများအတွက် ဖွင့်လှစ်ထားသော စာသင်ကျောင်းများစွာရှိသည်။ ဘုရားသခင်၏ ပြုပြင်ပုံသွင်းကို ခံယူကြသောအခါ ထိုကလေးငယ်တို့၏ မိဘများက သူတို့၏သားသမီးတို့နှင့် ကွဲကွာခြင်းကို အသင်းတော်သို့ အပြစ်ပို့လေ့ရှိသည်။ တကယ်တမ်းကျတော့ ထိုသူငယ်တို့သည် သူတို့မိဘတို့၏ အဓိကသာသနာလုပ်ငန်းပင်ဖြစ်သည် (သူတို့၏ တစ်ခုတည်းသော သာသနာလုပ်ငန်းတော့ မဟုတ်ပေ။)

ယနေ့အဖြစ်အပျက်ကြည့်သောအခါ လက်ရှိသာသနာလုပ်ငန်းလုပ်ကိုင်သူများက သူတို့၏ သားသမီးများကို သာသနာပြုသူများအတွက် ဖွင့်လှစ်ထားသောကျောင်းသို့ ပို့ဆောင်ခြင်းအတွက်သာ စဉ်းစားသောအမှုတော်ဆောင် ပေါင်းများစွာရှိသည်။ ဤသို့ ပြောသောအခါ သာသနာပြုသူတို့၏သားသမီးတို့၏ ကောင်းကျိုးကိုဖျက်ဆီးလိုခြင်းမဟုတ်ပေ။ သို့သော် ခလေးငယ်များ၏ မိဘများဖြစ်ကြသော အမှုတော်ဆောင်သူများက သာသနာလုပ်ငန်းခွင်ကို ထည့်သွင်းစဉ်းစားမှုမရှိခြင်းကို ဖော်ပြလိုခြင်းပင်ဖြစ်သည်။ သူသနာပြုသူ ဇနီးမောင်နှံနှစ်ဦးတို့သည် မိသားစုတစ်ခုထဲတွင် စည်းလုံးသောမိသားစုဘဝဖြစ်ခြင်းထက် သူတို့သည် သာသနာလုပ်ငန်းခွင်တွင် လုပ်ဆောင်ဘက်များသာဖြစ်သည်။ စေလွှတ်သောသူများက သူတို့ကို တစ်ကိုယ်တည်းတည်ရှိသော ဇနီးမောင်နှံအဖြစ် မြင်တွေ့ခြင်းထက် သာသနာလုပ်ငန်းတွင် အလုပ်လုပ်ဆောင်သူနှစ်ဦးအဖြစ် မြင်တွေ့ဖို့ ပိုများလာပါသည်။

ဤကဲ့သို့ မှားယွင်းမှုများသည် ကလေးသူငယ်များအပေါ်သာ မသက်ရောက်တော့ပဲ အိမ်ထောင်မိသားစုအယောက်စီတိုင်းပေါ်တွင် ထိပါးလာပါသည်။ တကယ်တမ်းကျတော့ ဤကဲ့သို့ ကျင့်သုံးမှုစနစ်သည် လျင်မြန်စွာဖြန့်ကျဲလာပါသည်။ သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသော မိသားစု တစ်ခုလုံးသာသနာပြုခြင်းကို တခါတရံလှည့်တောင်မကြည့်လိုကြပေ။ ဝမ်းနည်းဖွယ်ကောင်းသော အဖြေတစ်ခုကတော့ အသစ်ထူထောင်သောအသင်းတော်တို့သည် မိသားစုပုံစံသဘောမျိုးနှင့် မတူတော့ပေ။ ကျန်းမာကြီးထွားမှုလည်း မရှိတော့ပေ။ ကောင်းမွန်စွာဖြင့် ပြုစုစောင့်ရှောက်ခြင်းအောက်မှ ကြီးထွားလာပြီး ကျန်းမာသောအသင်းတော်များ၏ စံနမူနာမြင်တွေ့နိုင်ရန် စိတ်ဆန္ဒလည်း မရှိတော့ပေ။ (အာရှတိုက်ထဲတွင် အမှုတော်သက်တမ်းကာလတစ်လျှောက်၊ မထီလေးစားပြုသော အသီးသီးခြင်း၊ မိမိကိုယ်ကိုခွင့်လွှတ်ခြင်း၊ အိန္ဒိယလူမျိုးများနှင့် တရုတ်လူမျိုးတို့ကြားတွင် သစ္စာကင်းမဲ့သော မိသားစုဘဝအတွက် မိမိကိုယ်ကို ချီးမြှောက်ခြင်းတို့ကိုသာ စိတ်ဝင်စားသူဖြစ်မည်ကို ကျွန်တော်အလွန်စိုးရိမ်သည်။

ဤကဲ့သို့ ဝမ်းနည်းဖွယ်ကောင်းသော ကိစ္စရပ်တို့သည် တခြားနိုင်ငံသို့သွားရောက်ကာ သာသနာပြုသူများအတွက်သာမဟုတ်ပေ။ လွန်ခဲ့သောကာလအချိန်တွင် အနောက်တိုင်းအသင်းတော်များ၌ရှိသော ခရစ်ယာန်အမှုတော်ဆောင်သူတို့သည် သူတို့၏သာသနာလုပ်ငန်းကိုသာ အရေးပေးဆောင်ရွက်သောကြောင့် သူတို့၏မိသားစုတောင်မှ ဂရုမစိုက်သောသူအများအပြားရှိသည်။လူတိုင်းမျက်မြင်ဖြစ်သော ဤအဖြစ်အပျက်တို့ခရစ်ယာန်အဖွဲ့အစည်းကို လွှမ်းလွှဲစေခဲ့သည်။ ဆိုးရွားပျက်ဆီးခြင်းများထဲတွင် ညွှန်ဖျင်းသောတရားဟောဆရာများ၏ သားသမီးများနှင့်ဘုရားသခင်၏ လူများကြားတွင် ကောင်းသောမိသားစုဘဝပုံဥပမာကို မပြနိုင်သော မိသားစုများပါဝင်သည်။

တခြားအရာများမပြောခင် ကျွန်ုပ်၏တိုက်တွန်းမှုများကို အနှစ်ရှိရှိဖြင့်ဖော်ပြရလျှင်အထက်၌ ဖော်ပြထားသကဲ့သို့ မိသားစုနှင့်ပတ်သက်မှုများကို အမျိုးမျိုးမှားယွင်းစွာပြုခြင်းတို့သည် လူတွေကိုကျဆင်းနိုင်ရန် ထောင်ထားလျက်ရှိသောထောင်ခြောက်ပင်ဖြစ်သည်။ အမှုတော်ဆောင် တစ်ဦးသည် သူ၏သာသနာလုပ်ငန်းတွင် ရုပ်တုဆင်းတုကိုကိုးကွယ်သူအဖြစ်ကျဆင်းနိုင်သည့် နည်းတူတခြားသောမိသားစုတစ်ခု သို့မဟုတ်မိသားစုနှင့်ပတ်သက်သော ကိစ္စရပ်များကိုရုပ်တုကို ကိုးကွယ်သကဲ့သို့ ကိုးကွယ်နိုင်ပါလိမ့်မည်။ သခင့်ယေရှုပေးသောသာသနာလုပ်ငန်း၊ ကျွန်ုပ်ထံ သူပေးအပ်ခဲ့သော မိသားစုထက်သခင်ယေရှုကို ကျွန်ုပ်တို့ချစ်ရမည်ဖြစ်သည်။ သခင်ယေရှုက သူထက်ကိုယ့်မိသားစုကိုချစ်သော သူများကိုသတိပေးထားပါသည် (မဿဲ၊ ၁၀း၃၄–၃၇၊ ၁၂း၄၇–၅၀၊ ၁၉း၂၉၊ မာကု၊ ၁၀း၂၉–၃၀၊ လုကာ၊၉း၂၉–၆၂၊ ၁၄း၂၀–၂၆)။ သို့သော် ဤကျမ်းပိုဒ်များ သည် နှုတ်ကပတ်တော်ဖော်ပြချက်မဟုတ်သော မိသားစုတစ်ခုကို မထီမဲ့မြင်ပြုသူများကို ပြောကြား လိုခြင်းပင်ဖြစ်သည်။ ရုပ်တုကို ဆည်းကပ်ကိုးကွယ်သူတို့ကို မသင့်လျော်သောအရာဖြစ်သည်ဟု ဆန့်ကျင်သူများ၏ တင်ပြချက်ကို လက်ခံခြင်းနှင့်အတူ မိသားစုသာသနာလုပ်သန်းနှင့်ပတ်သက်၍ အဓိကလုပ်ဆောင်ရမည့်အရာများနှင့် တခြားသာသနာလုပ်ငန်းများ မည်ကဲ့သို့ထိပါးနိုင်သည်ကို ဖော်ပြသော ဘုရားသခင်၏ ပြောကြားချက်များကို ဆင်ခြင်နှလုံးသွင်းကြပါစို့။

## ဘုရားသခင်က မိသားစုနှစ်သက်သည် (God Loves The Family)

ဘုရာသခင်က မိသားအားလုံးကို ထူထောင်၍ ထိုမိသားစုတို့နှင့်ပတ်သက်သော ကိစ္စဟူသမျှအတွက် မိသားစုအကြောင်းနှင့် ပတ်သက်၍ သူတို့၏စိတ်ခံစားပြင်းပြစွာ ခံစားမှုများကို မလာခိ ၂း၁၆ ထဲတွင် ဖော်ပြထားပါသည်။ “မယားကိုစွန့်ခြင်းအမှု၊ မိမိခင်ပွန်း၌ပြစ်မှားသော အပြစ်ကို ဖုံးအုပ်ခြင်းအမှုကို ငါမုန်းသည်ဟု၊ ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ

အရှင်ထာဝရဘုရား မိန့်တော်မူ၏။" မိစားစုကဲ့သို့ ဖွဲ့စည်းတည်ဆောက်သောနည်းလမ်းကို ဘုရားသခင်ကနှစ်သက်လျက်ရှိသည်ကို ကျွန်တော်ယုံကြည်သည်။ သူက ဓမ္မသစ်ကျမ်းထဲတွင်ရှိသောယုံကြည်သူများက ဘုရားသခင်နှင့်ဆက်သွယ်ရာတွင်၎င်း၊ ယုံကြည်သူအချင်းချင်းဆက်သွယ်ရာတွင်၎င်း၊ မျသားစုတစ်ခု၏ ဆက်နွယ်ခြင်း ဥပမာကို အသုံးပြုကာဖော်ပြခဲ့ပါသည်။ ခရစ်ယာန်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်(ယော ၁း၁၂၊ ရောမ ၈း၁၆၊ ၁ယော ၃း၂)။ ထို့ကြောင့် သူတို့သည် ဘုရားသခင်၏ မိသားစုဝင်များဖြစ်ကြသည်(ဧဖက် ၂း၁၉)။ သခင်ယေရှုသည် တခြားသောအမှုများကို ပြုခဲ့သော်လည်း သူကဘုရားသခင်ကို ဖခင်ကြီးအဖြစ်ဖွင့်ပြရန် ဤလောကသို့ကြွလာခြင်းပင်ဖြစ်သည်(လု ၁၁း၂၊ ယော ၁း၁၈၊ ၁၆း၂၅)။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း တခြားသောအမှုများကိုပြုခဲ့သော်လည်း ဘုရားသခင်ကို ကျွန်တော်တို့၏အဘဖြစ်သည်ကို၎င်း၊ ဖခင်ကြီးတစ်ဦးကဲ့သို့ ဆက်ဆံနိုင်သည်ကိုလည်းကောင်း၊ ဖွင့်ပြောရန် ကျွန်ုပ်တို့ထံစေလွှတ်ခြင်းပင်ဖြစ်သည်(ရော ၈း၁၄၊ ဂလာတိ ၄း၆)။ ဓမ္မသစ်ကျမ်းထဲတွင် ခရစ်ယာန်ဟု ပို၍လွယ်ကူစွာအသိအမှတ်ပြုနိုင်ရန်အတွက် အသုံးများသောစကားလုံးသည် ညီးအစ်ကိုပင်ဖြစ်သည်(မဿဲ ၂၃း၈၊ တမန် ၆း၃၊ ၁ပေ ၁း၂၂၊ ၁ယော ၃း၁၄၊ ၁၆)။ ခရစ်တော်နှင့်ယုံကြည်သူများဆက်သွယ်ခြင်းကို ပြသရန် အကောင်းဆုံးသော ပုံဆောင်ခြင်းဥပမာသည် သတို့သားနှင့်သတို့သမီးအကြားဆက်သွယ်ခြင်းဖြင့် ဖော်ပြခြင်းပင်ဖြစ်သည်(မဿဲ ၉း၁၅၊ ယော ၃း၂၉၊ ၂ကော ၁၁း၂၊ ဗျာ ၁၉း၇–၉၊ ၂၁း၂၊ ၂၂း၁၇)။ ဤကဲ့သို့သော ပုံဥပမာတို့ကို ဓမ္မဟောင်းကျမ်းထဲတွင် ပြည့်စုံစွာဖော်ပြထားသော်လည်း၊ ၎င်းဖော်ပြချက်များကို ဓမ္မသစ်ကျမ်းထဲတွင် သာ၍နက်ရှိုင်းစွာဖြင့် ဖော်ပြလျက်ရှိသည်ကို တွေ့နိုင်ပါသည်။ ဤကဲ့သို့ အသုံးပြုခဲ့သော ဝိညာဉ်ပိုင်းဆိုင်ရာ ဖွင့်ပြထားခြင်းပုံဆောင်ချက်များကို ခန္ဓာကိုယ်နှင့် နှိုင်းယှဉ်ကာ ဖော်ပြခြင်းများအားဖြင့် ကျွန်ုပ်တို့မိသားစုဆက်ဆံရေးကောင်းမွန်စေလိမ့်မည်ဟု သခင်ဘုရားကရည်ရွယ်ထားသည်။ ၎င်းပုံဆောင်ချက်များကိုကျွန်ုပ်တို့မထီလေးစားပြုပါက ဘုရားသခင်ရည်ရွယ်ထားသော ဤဖော်ပြချက်များကို အကျိုးရှိမည်မဟုတ်ပေ။

တကယ်တမ်းကျတော့ မိသားစုအားလုံးတို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်၏ ဆွေးမျိုးတော်ကဲ့သို့ထူထောင်ရန် ပေါလုက မိန့်တော်မူခဲ့သည်။ ဧဖက် ၃း၁၄–၁၅ ထဲတွင် ပေါလုက ဤကဲ့သို့ဂေါ်သားခဲ့ပါသည်။ "အထက်ဆိုခဲ့ပြီးသောအကြောင်းကြောင့်၊ ကောင်းကင်ပေါ်မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော(Greek: pater) သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော သခင်ယေရှုခရစ်တော်၏ ခမည်းတော် (Greek: pater)ရှေ့မှာ ငါသည်ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။" သူလမ်းပြထားသည့်အတိုင်း မိသားစုတိုင်းကို ဖခင်ကြီးကဦးဆောင်ရမည်။ ဦးဆောင်သည့်နေရာတွင်လည်း ဖခင်တစ်ဦးသည် အိမ်ထောင်ရေးကိစ္စတွင် အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည့်နည်းတူ အဖခမည်းတော်ဖွင့်ပြထားသည်အတိုင်း ဦးဆောင်ရန်လိုအပ်သည်။

ဓမ္မသစ်ကျမ်းဖော်ပြချက်သည် မိသားစုဘဝကို ဖျက်ဆီးဖို့ရန်အတွက်မဟုတ်။ မိသားစုဘဝကိုလည်း လျှော့တွင်ဖို့ရန်အတွက် မဟုတ်ပေ။ သို့သော် ဓမ္မသစ်ကျမ်းထဲတွင် ဖော်ပြချက်တို့သည် ဓမ္မဟောင်းထဲ၌ ဖော်ပြထားခဲ့သော မိသားစုအကြောင်းနှင့် ပတ်သက်၍ မိတ်ဆက်ခြင်းများကိုဆက်ဆက်လုပ်ဆောင်ရန်အတွက် အကျယ်တဝင့်ဖော်ပြလိုခြင်းဖြစ်သည်။ "သင့်မိဘကို ရိုသေစွာပြုလော့" ဟူသော ဓမ္မဟောင်းထဲရှိ ပညတ်တော်ကို ဓမ္မသစ်ကျမ်းထဲတွင် ကိုးကားခြင်းကို အများဆုံးတွေ့ရသည်(ထွက် ၂၀း၁၂၊ ဝတ် ၁၉း၃၊ တမန် ၅း၁၆၊ မဿဲ ၁၅း၃–၉၊ ၁၉း၁၆–၁၉၊ မာကု ၇း၆–၁၃၊ ၁၀း၁၇–၁၉၊ လုကာ ၁၈း၁၈–၂၀၊ ဧဖက် ၆း၂)။ ၎င်းပို့စာများထဲတွင်

ရှင်ပေါလုကအချိန်ယူပြီး မိသားစုကျင့်ရိုးကျင့်စဉ်တို့ကို ဖော်ပြထားပါသည် (၁ကော ၇၊ ဧဖက် ၅း၂၂–၆း၄၊ ကော ၃း၁၈–၂၁၊ ၁တိ ၃း၂၊ ၄–၅၊ ၁၁း၁၂၊ ၅း၄၊ ၈–၁၀၊ ၁၄၊ ၁၆၊ တိတု ၁း၆၊ ၂း၃–၅၊ ၁ပေ ၃း၁–၇၊ ဟေဗြဲ ၁၂း၅–၁၁)။

## မိသားစုဧည့်ဝတ်ကျေပွန်ခြင်း (Family Hospitality)

ဓမ္မသစ်ကျမ်းထဲတွင် ဖော်ပြလျက်ရှိသော ကျင့်ရိုးကျင့်စဉ်များ၏ အဓိကရည်ရွယ်ချက်သည် ဧည့်ဝတ်ကျေပြွန်ခြင်းပင်ဖြစ်သည်(ရော ၁၂း၁၃၊ ၁တိ ၃း၂၊ တိ ၁း၈၊ ၁ပေ ၄း၉)။ ယခု အသင်းတော်များတွင် ဧည့်ဝတ်ကျေပြွန်ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌါန်းထားခြင်းမရှိဘဲ ဝရုံးသုံးကာဖြစ်နေသောကြောင့် ၎င်းနှင့်ပတ်သက်သောပြဿနာများ ဖြေရှင်းပေးနိုင်ရန်အတွက် ဓမ္မသစ်ထဲတွင်ဖော်ပြထားသောအချက်တို့က လမ်းပြပေးပါလိမ့်မည်။ မိသားစုထဲတွင်ဧည့်ဝတ်ကျေပြွန်ခြင်းရရှိရန် အလွန်လိုအပ်ပေသည်။ သို့သော် မိသားစုဝင်တစ်ဦးစီတိုင်းသည် စိတ်ဝမ်းကွဲမှုဖြစ်ကာတစ်ဦးပေါ် တစ်ဦး ဂရုစိုက်ပြီးမိုခိုအားထားခြင်းမရှိတော့သည့်အခါ ဧည့်ဝတ်ကျေပြွန်ခြင်းရှိရန်အတွက် အလွန်ပင်ခက်ခဲပါသည်။

အသင်းတော်တွင်အရည်အချင်းရှိရှိ ဦးဆောင်သောသူတို့၏အရည်အချင်းကို သတ်မှတ်နိုင်ဘို့ရန်အတွက် မျက်ဝါးထင်ထင် သိမြင်နိုင်သောအရည်အချင်းဖြစ်သည့် ဘုရားသခင်ဖော်ပြထားခြင်းသည် ဦးဆောင်သူတို့၏ ဧည့်ဝတ်ကျေပြွန်မှုပင်ဖြစ်သည်(၁တိ ၃း၂၊ တိ ၁း၈)။ ကျွန်တော်သည် ငယ်ရွယ်သောအချိန်တွင် လူငယ်သင်းအုပ်ဆရာအဖြစ်(တစ်နှစ်)၊ အကူသင်းအုပ်ဆရာအဖြစ် (တစ်နှစ်) အမှုတော်မြတ်၌ပါဝင်ခဲ့ပါသည်။ ထိုအချိန်တွင် ဝါရင့်သင်းအုပ်ဆရာ(Senior Pastor) အဖြစ် သတ်မှတ်ဖို့ရန်အတွက် ခြေလှမ်းလှမ်းခြင်းမရှိခဲ့ပေ။ အကြောင်းမှာ သင်းအုပ်ဆရာများသည် မည်သည့်နေရာတွင်နေထိုင်ခဲ့သည်ကို ကျွန်တော်သင်ရိုးခြင်းမရှိခဲ့ပေ။

"သိုးတော်စုရှေ့မှာ ပုံသက်သေကို ပြသောသူဖြစ်ကြလော့" (၁ပေ ၅း၃) အတိုင်းအသက်ရှင်သည်ဟု မိမိကိုယ်ကိုထင်မှတ်သောသူများဖြစ်ကြသော ဖြူစင်ရိုးသားသည့်ဘုရားသခင်၏ လူများကို ကျွန်တော်အပြစ်မပြောလိုပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့၏ခံယူချက်သည် နှုတ်ကပတ်တော်နှင့် ကိုက်ညီမှုမရှိခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်သည် ဆိုးသွမ်းသောလမ်းသို့ ရောက်လုနီးပါးဖြစ်ခဲ့သည်။ အသင်းတော်အဆောက်အဦးသည် မိတ်သဟာယဖွဲ့ခြင်းအတွက် အသင့်တော်ဆုံးနေရာဖြစ်သည်ဟု ကျွန်တော်စဉ်းစားခဲ့ဖူးသည်။ ထိုနေရာတွင် ဧည့်ဝတ်ကျေပွန်ခြင်းသည်လည်း အလွန်လုပပြီးမရှိမဖြစ်လိုအပ်သောနေရာဖြစ်သည်ဟု ကျွန်တော်ခံယူခဲ့ဖူးသည်။ ထို့ကြောင့် ကျွန်တော်အမှုတော်ဆောင်သည့်နေရာတွင် ကျွန်ုပ်ကို ကျဆုံးစေဖို့ရန်အပြစ်ပို့သော ယုံကြည်သူများလည်းရှိသေးသည်။ ထိုအရာကို ကျွန်ုပ်တို့သည် တော်ရုံတန်ရုံနှင့်မသိနိုင်ပေ။

## သင်းထောက်လူကြီးတပါး၏မိသားစု (An Elder's Family)

ခရစ်တော်၏အသင်းတော်၌ ဦးဆောင်သူတို့၏ အရည်အချင်းကိုအသေးစိတ်လေ့လာသောအခါ မိသားစုကိစ္စလည်းပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ သင်းထောက်လူကြီး/ ဂိုဏ်းချုပ်ကိုအုပ်ချုပ်သူ(ဓမ္မသစ်ကျမ်းထဲတွင် သင်းအုပ်ဆရာဟု ဖော်ပြထားပါသည်၊ တမန် ၂း၁၇၊ ၂၈၊ ဖိ ၁း၅၊ ၇၊ ၁ပေ ၅း၁–၂ များထဲတွင် Poimaino, presbyteros and episkopos ဟု ဖော်ပြထားပါသည်) တို့သည် "မယားတစ်ယောက်တည်းရှိသောသူ" (၁တိ ၃း၂၊ တိ ၁း၆) ဖြစ်ရမည်။ ယနေ့ ၎င်းကို ကျွန်ုပ်တို့အသင်းတော်တွင် တုံ့ပြန်မှုပြုသောအခါ အငြင်းပွားမှုတစ်ချို့ရှိသည်။ တချို့သူများက မယားအမြားအပြားယူခြင်းဟု ခံယူသည်။ တစ်ချို့က ပရိသတ်များရှေ့မှောက်တွင်

မယားနှင့်ကွာရှင်းပြီ တခြားမယားပြန်ယူသောသူများ ပြောလိုခြင်းဖြစ်သည်ဟု ခံယူကြသည်။ တစ်ချို့က သင်းထောက်လူကြီးများကကျတော့ "ယောကျ်ားတစ်ဦးက မယားတစ်ယောက်သာ" ရှိရမည်ဟူသော အဓိပ္ပာယ်ကို ဆောင်သည်ဟု ခံယူကြသည်။

ကျွန်တော့်ခံယူချက်ကို ဖော်ပြရလျှင် "မယားတစ်ယောက်တည်းရှုရမည်" ဟု တောင်းဆိုခြင်းသည် မယားတစ်ယောက်ထက် ပိုများသောမယားများရှိပါက ထိုသူသည် သင်းထောက်လူကြီးတာဝန်ကိုထမ်းဆောင်ရန် အရည်အချင်းမမှီခြင်းကို ဆိုလိုသည်။ ထို့ပြင်ယနေ့တည်ရှိသောအသင်းတော်တွင် မယားမရှိခြင်းသည်လည်း သင်းထောက်လူကြီးတာဝန်ထမ်းဆောင်ရန် မထိုက်တန်ပေ။ လူပျိုတို့သည် သူတို့၏စိတ်ကို အခွင့်အရေးရရှိသည့်နေရာသို့ပြောင်းတတ်၍ တခြားလုပ်ငန်းများကိုလည်း ထမ်းဆောင်တတ်ကြပါသည်။ ထို့ပြင် သူတို့သည်သူတို့၏ လွတ်လပ်မှုကိုသာ၍အသုံးပြုတတ်ကြသည်။ ၎င်းအခြေအနေများကြောင့် အသင်းတော်ထဲတွင် ဦးဆောင်ခြင်းလုပ်ငန်းတာဝန်ထမ်းဆောင်သောအခါ၊ ထိုတာဝန်ကို ထမ်းဆောင်ခြင်း၌ အားနည်းချက်ရှိသောကြောင့် သူတို့သည် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများကဲ့သို့ ဖြစ်သွားသည်။ မယားမရှိသေးသောသူတို့သည် အသင်းတော်တွင်သွန်သင်မှုခံယူသူအဖြစ်နေလျှင် သာ၍သင့်လျှော်သည်။ သို့မဟုတ် အနည်းဆုံးမြင်တွေ့ခြင်းအား လေ့လာသူဖြစ်ရမည်။ ပေါလုက တိမောသေထံသို့(၁တိ ၃း၆) "လူပျိုလူလွတ်" မဟုတ်သောသူများကို သင်းထောက်လူကြီးအဖြစ် ရွေးချယ်ရန်ပြောကြားခဲ့ပါသည်။ ထို့ပြင် လူတိုင်း၏ ရင်နီးကျွမ်းဝင်ခြင်းဖြစ်သည့် အမှန်တရားလည်းဖြစ်သည့် ရင့်ကျက်ခြင်းသည် သင်းထောက်လူကြီးတစ်ဦးအတွက် အရေးကြီးသည်(၁တိ ၁း၇၊ ထိုသူသည် ပြင်ပလူတို့တွင် အသရေရှိသော လူဖြစ်ရမည်။)

ကျွန်ုပ်၏မယား Connie နှင့် အိမ်ထောင်ပြုပြီးအချိန်ကြာလာသောအခါ အိမ်ထောင်ပြုခြင်းအတွက် ပြင်ဆင်ထားခြင်းမရှိဘဲ ကျွန်တော်သည်အိမ်ထောင်ပြုခဲ့သည်ကို သိရှိလာခဲ့သည်။ ကျွန်တော်သည် ဖခင်တစ်ဦးဖြစ်ဖို့ရန်အတွက်ရင်ကျက်မှုမရှိပေ။ ဤအကြောင်းကို ကျွန်တော်စဉ်းစားသောအခါ ကျွန်တော်သည် လူပျိုဖြစ်နေသည့်အချိန်တွင် အိမ်ထောင်ပြုဖို့ရန်အတွက် ရင့်ကျက်မှုမရှိသည်ကို ကျွန်တော်သိရှိခဲ့ပါသည်။ သို့ရာတွင် အိမ်ထောင်ပြုပြီး ရက်လများစွာကြာလာသောအခါ ရင့်ကျက်နိုင်ဖို့ရန်အတွက် ကျွန်ုပ်ကို အံ့ဩဖွယ်ရာနည်းလမ်းများက တွန်းပို့ခဲ့ပါသည်။ ကျွန်တော်အိမ်ထောင်မပြုခဲ့လျှင် ရင့်ကျင်ခြင်းရရှိလိမ်ကမည်မဟုတ်ချေ။ အိမ်ထောင်ပြုခြင်းက ကျွန်တော်မဖြစ်နိုင်သည့် အခြေအနေတစ်ချို့ကို ဖြစ်နိုင်အောင် လုပ်ဆောင်ပေးခဲ့သည်။ ထို့ကြောင့် "ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း" (က ၂း၁၈) သည် လုပ်သင့်လုပ်ထိုက်သောကိစ္စဖြစ်သည်။ ခြွင်းချက်တစ်ချို့ရှိသည်။ အိမ်ထောင်မပြုသေးသော (သို့) အိမ်ထောင်မပြုသောယောကျ်ားတစ်ယောက်က ခရစ်တော်၏အသင်းတော်ကို အုပ်ချုပ်နိုင်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သင်းအုပ်ဆရာအမှုထမ်းသောသူသည် မိမိ "မိသားစုကို ကောင်းမွန်စွာအုပ်ချုပ်နိုင်သူဖြစ်ရမည်" ဟု နှုတ်ကပတ်တော်က ဖော်ပြထားသောကြောင့် ဖြစ်သည်။

တကယ်တမ်းကျတော့ ဖခင်တစ်ဦး၏အတွေ့ကအကြုံကို မကြုံဖူးသောသူတို့သည် ကိုယ်လက်အင်္ဂါမသန်စွမ်းသောသူများနှင့်တူသည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ပေါလုက တိတုထံသို့(၁း၆) "မယားတစ်ယောက်တည်းရှိသောသူဖြစ်လျှင်၎င်း၊ သူ၏သားသမီးတို့သည် ကာမဂုဏ်၌ လွန်ကျူးသည်ဟု အပြစ်တင်ခြင်းနှင့်ကင်းလွတ်သူများ" ကို သင်းထောက်လူကြီးအဖြစ် ခန့်အပ်ရန်မိန့်မှာခဲ့ပါသည်။ ကျွန်တော်သည် အိမ်ထောင်ပြုသည်အထိ အိမ်ထောင်ပြုရန်အဆင်သင့်မရှိသေးချေ။ Connie နှင့် ကျွန်တော်သည် ကောင်းကြီးမင်္ဂလာဖြစ်သော သားဦးတစ်

ယောက်ရရှိသည်အထိ ကျွန်တော်သည် ဖခင်တစ်ဦး၏တာဝန်ကို ထမ်းဆောင်ရန်အဆင်သင့်မရှိသေးပါ။ ဖခင်တစ်ဦး၏တာဝန်နှင့်ပတ်သက်၍ ကျွန်တော်ခံစားချက်တစ်ခုသည် ကျွန်တော်သားသမီးမရပါက ရင့်ကျက်မှုရှိလိမ့်မည် မဟုတ်ပေ။ သားသမီးများစွာကို ဘုရားသခင်ကပေးသောအခါ ကျွန်တော်သည်သူတို့တစ်ဦးစီတိုင်းကို ကလေးဘဝမှ လူငယ်ဘဝအထိ သင်တန်းပေးခဲ့ပါသည်။ ၎င်းသည် သင်းထောက်လူကြီးဖြစ်လာရန်အတွက် ကျွန်ုပ်၏ပြင်ဆင်မှုပဲ ဖြစ်ပါသည်။

ကျွန်တော်တို့အသင်းတော်တွင်ရှိသော ယုံကြည်သူများ၏ မိသားစုတွင်ရှိသော သားသမီးတို့ကို ကျောင်းသို့စေလွှတ်ကာ သင်ကြားပေးခြင်းထက် အိမ်တွင်ဖခင်ကြီးများ(ကျွန်တော်နည်းတူ) က သင်ကြားပို့ချခြင်းအတွက် ဘုရားသခင်၏ အကြံအစည်သည် ကလေးငယ်တို့ အကျိုးအတွက် မဟုတ်ပေ။ ၎င်းသင်ကြားခြင်းသည် သူတို့၏ ဘဝအတွက် အခြေခံရရန်သာဖြစ်သည်။ ဘုရားသခင်က သားသမီးတို့ကို သွန်သင်ရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သင်ကြားပါက ကျွန်ုပ်တို့သည် ဖခင်တစ်ဦးကဲ့သို့ ရင့်ကျက်ခြင်းရလာမည်းဖြစ်သည်။ ဆရာတိုင်းသည် သင်ကြားပို့ချရာတွင် ကျောင်းသားများထက် ပို၍သင်ခန်းစာရရှိသည်ကို ဆရာတိုင်းက သိရှိခဲ့ကြသည်။ တကယ်တမ်းကျတော့ ယခုမျိုးဆက်သစ်ထဲတွင် အိမ်တွင်သင်ကြားခြင်းလှုပ်ရှားမှု ပေါ်ပေါက်လာခြင်းအတွက် ဘုရားသခင်၏အဓိက ရည်ရွယ်ချက်သည် သင်းထောက်လူကြီး၏ မှန်ကန်သောအရည်အချင်းကို ပြင်ဆင်လိုခြင်းဖြစ်သည်။ သို့မှသာ ထိုသူတို့က တခြားသူများကို ပြုစုပျိုးထောင်သည့်အခါ သူတို့၏ သားသမီးများပြုစုပျိုးထောင်သည့်နည်းတူ တခြားသူများကိုလည်း ပြုစုပျိုးထောင်နိုင်မည်ဖြစ်သည်။

ဝမ်းနည်းစရာတခုကတော့ စောစောတုန်းကဖော်ပြထားသည့်အတိုင်း မိမိကလေးငယ်များကို ပြုစုပျိုးထောင်ရန် ညံ့ဖျင်းသောသူတို့သည် သာသနာလုပ်ငန်းခွင်တွင် ပါဝင်၍အသင်းတော်ဦးဆောင်သည့်အခါ မှားယွင်းမှုတွင် အများကြီးရှိလာသည်။ ကျွန်တော်သည် PK ဟုခေါ်သောဆုကို ရရှိခဲ့သည်။ (Promise Keeper (ဂတိတည်သူ) မဟုတ်ပါ။ သို့သော် Preacher's Kid (ကလေးငယ်များကို တရားဟောသူ) ဖြစ်ပါသည်။) သို့သော်ကလေးများသွန်သင်သည့်အခါ PK ဟုခေါ်သောစကားလုံးကို အသင်းတော်တွင် ပျက်ဆီးရာပျက်ဆီကြောင်းကိုပြသော စကားလုံးဖြစ်တတ်သည်။ ၎င်းသည် အသင်းတော်တွင်အသင်းတော်တွင်အသုံးချရန် ထိုက်တန်သောစကားလုံးမဟုတ်ပေ(လူများစွာက ဦးဆောင်ခြင်းတွင်တွေ့ရှိသော အမှားများကိုမိမိကိုယ်ကို ခွင့်လွှတ်ရန် နှစ်သက်တတ်ကြသည်။) ထို့ကြောင့် ကလေးသူငယ်များကို စည်းကမ်းရှိရှိပြုစုပျိုးထောင်ပေးရန် အားနည်းသောသူများသည် ခရစ်တော်၏အသင်းတော် ဦးဆောင်ရာတွင် နမူနာယူထိုက်သော ပုဂ္ဂိုလ်များမဟုတ်သည်ကို တွေ့ရှိရသည်။

အမှုတော်ဆောင်ရန်အတွက် ဘုရားသခင်၏မှန်ကန်စွာ ရွေးကောက်ခြင်းခံသောအမှုတော်ဆောင်တချို့ကို ကျွန်တော်တို့ မြင်တွေ့နိုင်ပါသည်။ သို့သော် ထိုသူတို့က သူတို့၏ သာသနာလုပ်ငန်းခွင်တွင် သူတို့၏ မိသားစုကို အာရုံမစိုက်ဘဲနေတတ်ကြသည်။ ပေါလုက ဤသို့ပြောကြားခဲ့ပါသည်။ အသင်းတော်တွင် ဦးဆောင်သူတို့၏ အရည်အချင်းသည် သင်းထောက်လူကြီးများက သူတို့၏သားသမီးများကို ကောင်းမွန်စွာသွန်သင်ဖြစ်သည်။ သူက “မိမိအိမ်ကိုကောင်းမွန်စွာ အုပ်စိုးသောသူ” ဟု ဖော်ပြထားသည်(၁တိ ၃း၄)။ “သူတို့၏ ဦးဆောင်လမ်းပြမှုတသွေမတိမ်း ကလေးငယ်များက လိုက်နာရမည်။” ထို့နောက် သူက(၁တိ ၃း၅) “မိမိအိမ်ကိုမအုပ်စိုးတတ်လျှင် ဘုရားသခင်၏အသင်းတော်ကို အဘယ်သို့ပြုစုလိမ့်မည်နည်း” ဟု ယူဆထားပါသည်။

တိတု (၁း၆) ထံသို့ပေါလု၏ ညွှန်ကြားမှုများထဲတွင် သူကသင်းထောက်လူကြီးတစ်ဦး၏ ဖခင်တာဝန်ထမ်းဆောင်ခြင်းအတွက် အသီးအပွင့်များကို သေချာဂနစွာဖြင့် ဖော်ပြလိုခြင်းဖြစ်ပါသည်။ သင်းထောက်လူကြီးတစ်ဦးသည် "သူ၏သားသမီးတို့သည် ကာမဂုဏ်၌လွန်ကျူးသည်ဟု ပြစ်တင်ခြင်း၊ နားမထောင်ခြင်းနှင့် လွတ်သောသူ" ဖြစ်ရမည်။ သင်းထောက်လူကြီးတို့၏ သားသမီးတို့သည် ဖခင်ကြီးများ၏ဦးဆောင်မှုအောက်၌ ဆက်ကပ်အပ်နှံသောသူများဖြစ်ရုံသာမက သားသမီးတို့၏ အပြစ်တင်ခွင့်၊ နားမထောင်ခြင်းတို့နှင့် ကင်းလွတ်သည်ကို သူ၏သစ္စာစောင့်ခြင်းဖြင့် ပြသရမည်ဖြစ်သည်။

သင်းထောက်လူကြီးတို့၏ သားသမီးတို့သည် လူတွေဖြစ်လေ့ဖြစ်ထရှိသော လောဘစိတ်နှင့် အပြစ်ပြုမိခြင်းတို့ဖြစ်ပေါ်တတ်သည်။ သို့သော် "ကလေးသူငယ်များသွားရာလမ်းတွင် ဆုံးမသွန်သင်ခြင်းပြုလော့" (သုတ္တံ ၂၂း၆) အတိုင်း မိမိကလေးငယ်များကိုဆုံးမသွန်သင်သောသူတို့သည် ယုံကြည်သူအများရှေ့တွင် မိမိကလေးငယ်များကို သွန်သင်လမ်းပြကြောင်း သက်သေထူရမည်ဖြစ်သည်။ မိမိက ကလေးငယ်များရှေ့တွင် သစ္စာစောင့်ခြင်း (Greek Pistos) စကားလုံးကို ဘာသာပြန်ဆိုသောအခါ ယုံကြည်ခြင်းဟု အဓိပ္ပာယ်ရသည်။ (ဥပမာအားဖြင့် ယော ၂၀း၂၇ ထဲတွင် သောမက သခင်ယေရှုကို သံသယရှိသောအခါ သခင်ယေရှုက ဤစကားလုံးကို အသုံးပြုသည်။ တမန် ၁၀း၄၅၊ ၁၆း၁၊ ၂ကော ၆း၁၅၊ ၁တိ ၄း၃၊ ၁၀၊ ၁၂၊ ၅း၁၆၊ ၆း၂ တို့ကို ကြည့်ပါ။) မိမိကလေးငယ်များကို ယုံကြည်ခြင်းရှိရန် ဟန်ဆောင်မှုဖြင့်သွန်သင်သောသူများကို သင်းထောက်လူကြီးကဏ္ဍတွင် လက်ခံဖို့ မဟုတ်ပေ။

တစ်ချို့သောသူများက သခင်ယေရှုနှင့်ပေါလုတို့သည် အိမ်ထောင်မရှိသူများ ဖခင်တာဝန်ကို မထမ်းဆောင်သောသူများဖြစ်သည်ဟု ပြောကြားနိုင်သည်။ ဤကဲ့သို့သော ချွင်းချက်များကို နမူနာယူကာ ကျမ်းစာသွန်သင်ချက်ရှိသည်ဟု ခိုင်မာစွာဖြင့် ဆုပ်ကိုင်ထားသူတစ်ချို့ရှိသည်။ သို့သော်ကျမ်းစာထဲတွင် ဖော်ပြထားသောချွင်းချက်များကို ကျွန်ုပ်တို့သည် ရှောင်ရှားသင့်ပါသည်။ ပေါလု၏ အိမ်ထောင်မပြုခြင်းအတွက် ကောင်းသောခံယူချက်တစ်ချို့ရှိသည်။ သို့သော်လည်း ကျမ်းတတ်ပဂ္ဂိုလ်တစ်ချို့က သူသည်အိမ်ထောင်ပြုခဲ့သည်ဟု ယုံကြည်ကြသည်။ သူသည် အိမ်ထောင်မပြုနိုင်သူတစ်ဦးမဖြစ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ပိုင်းနှင့်ပတ်သက်သောသူ ဖော်ပြချက်များထဲတွင် အသင်းတော်၌သင်းထောက်လူကြီးတာဝန်ထမ်းဆောင်သူများ (တမန်တော်များကို အဓိကဖော်ပြလိုခြင်းမဟုတ်) က "မယားတစ်ယောက်တည်းရှိသူ" ဟုဖော်ပြထားခြင်းကြောင့်ဖြစ်သည်။

တခြားတမန်တော်တို့ကျင့်သုံးသော သခင်ယေရှုနောက်တော်သို့ လိုက်လျှောက်သည့်အချိန်တွင် မယားနှင့်သားသမီးတို့ကို ထားခဲ့ရမည်ဟူသော အဆိုကိုအစွဲပြုကာ မိသားစုကို ပစ်ထားတတ်ကြသည်။ သို့သော် ဤကဲ့သို့ ခံယူခြင်းကို ကျွန်ုပ်တို့မဆုပ်ကိုင်သင့်သည့် ခံယူချက်ဖြစ်သည်ဟု ကျွန်တော်ယုံကြည်သည်။ ယခုခေတ်ကာလတွင် ကျွန်တော်တို့၏အားနည်းချက်ကို ကွယ်သောလွှဲမှားစွာခံယူသော ကျွန်ုပ်တို့၏အတွေးကို မငှ့ထားသင့်သည်။ မာကု ၁း၂၀ ထဲတွင် ယာကုပ်နှင့်ယောဟန်တို့က သူတို့၏ဖခင်ကြီး Zebedee လှေနှင့်အလုပ်သားများကို ထားခဲ့ခြင်းက ဤအကြောင်းနှင့် ပတ်သက်သောအရာများကို ကွင်းကွင်းကွက်ကွက် ရှင်းပြထားပါသည်။ ထိုသူတို့သည် သူတို့၏ဖခင်ကို မရိုသေခြင်းမဟုတ်ပေ။ သခင်ယေရှုက ဖါရိရှဲများကို "သင်တိုက၏ဓလေ့ထုံးစံ အယူဝါဒအားဖြင့် နှုတ်ကပတ်တော်ကို ပယ်ကြသည်" (မာကု ၇း၁–၁၃) ဟု ဆဲဆိုသည့်အချိန်တွင် အထက်ကဖော်ပြထားသော ညီအစ်ကိုများကို အကျယ်ဝင့်ပြုကာ မိန့်ဆိုထားပါသည်။ ထိုဖါရိရှဲတို့သည် သူတို့၏မိဘနှစ်ပါးကို ရိုသေလေးစားခြင်းမရှိသော သူများဖြစ်

ကြသည်။ ဖော်ပြထားခြင်းမရှိသော်လည်း ယာကုပ်နှင့်ယောဟန်တို့၏ ဖခင်ကြီး Zebedee ၏ ကောင်းကြီးမင်္ဂလာကို ရယူကြသည်။ သူတို့၏ မိခင်ကြီးသည်လည်း သခင်ယေရှု၏ နောက်တော် လိုက်သောအမျိုးသမီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်နိုင်ချေရှိသည်ဟု ဖော်ပြထားချက်ရှိသည် (မဿဲ ၂၀း၂၀၊ ၂၇း၅၆)။

သို့သော် ဂါလိလဲပြည်မှ သခင်ယေရှုနောက်တော်သို့လိုက်သောအမျိုးသမီးတို့သည် မည်သူတွေနည်း(မဿဲ ၂၇း၅၅–၅၆၊ မာကု ၁၅း၄၀–၄၁၊ လု ၈း၁–၃၊ ၂၃း၄၉၊ ၅၅၊ ၂၄း၁၀)။ တစ်ချို့သောသူတို့ကို မဂ်ဒလင်မာရိ၊ ယာကုပ်နှင့်ယေရှုတို့၏ မိခင်မာရါနှင့် ဇက်ဗေဒဲသားတို့၏ မိခင်ကြီးဟု ခေါ်ကြသည်။ သို့သော် တခြားအမျိုးသမီးများလည်း ရှိသေးသည်။ သာ၍အံ့သြဖွယ် တစ်ခုကတော့ များစွာသောအမျိုးသမီးများက သခင်ယေရှုနှင့် တမန်တော်များ၏နောက်တော်သို့ လိုက်ကြသော်လည်း ဖါရိရှဲတို့က အပြစ်မတင်ခြင်းပင်ဖြစ်သည်။ ဖြစ်နိုင်ချေရှိသောရှင်းသည် ဤကဲ့သို့သော အမျိုးသမီးတို့သည် တမန်တော်များ၏ အမျိုးသမီးများဖြစ်သည်။

တဖန်၊ တချို့သောသူများက ဤအကြောင်းနှင့်ပတ်သက်၍ နှုတ်ကပတ်တော်က ဖွင့်ဟထားခြင်းမရှိပေဟု ချေပလိမ့်မည်။ သို့သော် တမန်တော်များက သူတို့၏မယားများနှင့် သားသမီးများကို သခင်ယေရှုနောက်တော်သို့ လိုက်လျှောက်ရန် ချန်ထားခြင်းသည် အဓိပ္ပါယ်ရှိသည်ဟု ကောက်ချက်ချနိုင်ပေလိမ့်မည်။ သခင်ယေရှုက သူ၏နောက်သို့ လိုက်သောသူတို့ကို အိမ်၊ ညီအစ်ကိုမောင်နှမများ၊ မိဘနှစ်ပါး၊ မယား၊ သားသမီးများနှင့်နေရာဒေသများကို ထားခဲ့ကပါဟုမိန့်ဆိုသောအခါ (မာ ၁၀း၂၉) သူသည် အထက်၌ ဖော်ပြချက်အတိုင်း ပြုလိုခြင်းဖြစ်သည်ဟု တချို့ကစောတကတက်ကြပါသည်။ ထိုကဲ့သို့ဖြစ်လျှင်၊ သူ၏သွန်သင်မှုများနှင့်တမန်တော်တို့၏ သွန်သင်မှုများကြားတွင် တိုက်ခိုက်မှုရှိလိမ့်မည်ဖြစ်သည်။ သခင်ယေရှုထံသို့ ဆက်ကပ်သည့်အချိန်တွင် မယားနှင့်သား သမီးတို့ကို မုန်းတီးရမည်ဟုသခင် သူကမိန့်ဆိုခဲ့သည် (လုကာ ၁၄း၂၆)။ ထို့ပြင် ခင်ပွန်းသည် လည်းမိမိမယားကို ချစ်ကြင်နာရန် မိန့်ဆိုချက်လည်းရှိသည်။ (ဧဖက်.၅း၂၅၊ ကော၃း၁၉)။

### တမန်တော်များက အိမ်ထောင်ပြုကြသလား? (Were the Apostles married?)

ပေတာရသည် အိမ်ထောင်ပြုခဲ့သည်ဟု ကျွနုပ်တို့သိရှိသည်။ အဘယ်ကြောင့်ဆိုသော် synoptic gospels (မဿဲ၊မာကု၊လုကာခရစ်ဝင်ကျမ်းထဲတွင် သခင်ယေရှုက "သူမယား၏မိခင်" ကျန်းမာပေးခဲ့သည်ကို တွေ့ရှိနိုင်သည် (မဿဲ ၈း၁၄၊မာကု ၁း၃၀၊လု ၄၃၈)။ သို့သော် ပေတာရ၏မယားနာမည်ကို သတင်းကောင်းကျမ်းများထဲတွင် မဖော်ပြထားခြင်းသည် အံ့သြစရာကောင်းသည်မဟုတ်ဘူးလား။ဤအမျိုးသမီးသည် လုပ်ဆောင်ခြင်းနှင့်ဆက်ကပ်ခြင်းပေါ်တွင်သူဘက်မှ အားနည်းချက်ရှိသောကြောင့် သတင်းကောင်းစာအုပ်များထဲတွင် သူမ၏နာမည်မဖော်ပြထားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပေတာရ၏မယားသည် သူနှင့်အတူသာသနာခရီးစဉ်တွင် လိုက်ပါလာသည်ကို ကျွနုပ်တို့တွေ့နိုင်သည် (၁ကော ၉း၁၅)။

တခြားသောတမန်တော်များနှင့်သခင်ဘုရား၏ ညီတော်တို့သည်လည်း သူတို့၏မယားများနှင့်နယ်လှည့်သာသနာလုပ်ငန်းသွားရောက်သည်ကို ကျွနုပ်တို့တွေ့ရှိရသည်။တခြားတမန်တော်ဘယ်နှစ်ပါးတို့က မယားများရှိခဲ့ကြပါသနည်း။ပေါလုက ဤနေရာတွင် ဖြစ်သင့်သည်ထက် ကျော်လွန်၍ ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။သို့သော် ဤဖော်ပြချက်ထဲတွင် သူနှင့်အတူ ဗာနဗ (၁ကော ၉း၁၆) သည် မယားရှိ၍ အမှုတော်ဆောင်ခြင်းနိယာမကို အသုံးမပြုခဲ့ပေဟု ကျွန်တော်တို့သူတို့၏ အသက်တာကို ကြည့်ခြင်းအားဖြင့် သိရှိရသည်။

တခြားသောတမန်တော်တို့က မည့်သည့်အချိန်တွင် အိမ်ထောင်ပြုခဲ့သည်ကို ကျွန်ုပ်တို့မသိရပေ။သခင်ယေရှုနှင့်အတူ သုံးနှစ်နှင့်ခြောက်လပတ်လုံး ကာလလိုက်လျောက်သည့်အချိန်တွင် အိမ်ထောင်ပြုနိုင်ချေရှိသည်။သို့သော် ဤကိစ္စသည် အရေးကြီးဆုံးသောအရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့၏ မယားတို့ကို ကျမ်းစာထဲတွင်ဖော်ပြထားခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ယခုခေတ်တွင် ကျင့်သုံးလျက်ရှိသော နမူနာပုံစံအားဖြင့် စမ်းသပ်ထားသောအကြောင်းအရာတို့ကို ဖတ်ရှုမှသာလျှင် မိမိခံယူချက်တည်ဆောက်ဖို့ လိုအပ်သည်။ယနေ့မျက်မှောက်ကာလတွင် တမန်တော်များ၏ မယားတို့ကို ဖော်ပြခြင်းကိုမထီမဲ့လေးစားပြုရန် မသင့်တော်ပေ။ သို့သော် ပေါလုက မယားမယူပဲနေခြင်းသည် သာ၍ကောင်းသည်ဟု မိန့်ဆိုထားသောကြောင့် တမန်တော်များ၏ မယားများနာမည်ကို မဖော်ပြထားခြင်းဖြစ်သည်။၎င်းကို ဤကိစ္စရပ်များနှင့်သက်ဆိုင်မှုမရှိပါက တမန်တော်တို့သည် အိမ်ထောင်မပြုခဲ့ခြင်းကို ကျမ်းစာထဲတွင် ဖော်ပြထားခြင်းမရှိပေဟု များစွာသော သူတို့ထင်မြင်ယူဆပါလိမ့်မည်။ သို့သော် ၎င်းကိစ္စရပ်များကို ယနေ့ကျွန်ုပ်တို့ကြားထဲတွင်ပြဿနာတခုဖြစ်လာပါသည်။

ကလေးသူငယ်များနှင့်ပတ်သက်၍ ဖော်ပြထားခြင်းရှိသလော။တမန်တော်တို၏ မယားများသည် ကိုယ်ဝန်ရှိနိုင်သောမယားအဖြစ် အိမ်ထောင်ပြုခြင်း၌ ကောင်းကြီးမင်္ဂလာခံစားလျက်ရှိသည်ကို တွေ့ရသည်။သူတို့၏သားသမီးတို့ကို ဖော်ပြထားခြင်းမရှိပဲ သူတို့၏မယားများကိုသာ ဖော်ပြထားခြင်းရှိခဲ့သော်လည်း ထိုအရာသည်ကျမ်းစာပြုစုသည့်အချိန်တွင် အသေးစိတ်ဖော်ပြထားခြင်းမရှိခြင်းကြောင့်ဖြစ်သည်။ ကျမ်းစာထဲတွင် တမန်တော်တို့သည် သူတို့၏သားသမီးတို့နှင့်သို့မဟုတ် သားသမီးတို့သည် သူတို့၏မိဘများနှင့်ခရီးထွက်ခဲ့သည်ဟု ဖော်ပြထားခြင်းမရှိပေ။ဟေဗြဲလူမျိုးတို့၏ထုံးစံအရ ချွင်းချက်တချို့ရှိနိုင်သော်လည်း ယောက်ျားတစ်ဦးက မယားနှင့်သားသမီးတို့ရှိရမည်ဟု ယူဆကြပါသည်။

တခြားသောတမန်တော်များ၏ မယားများနှင့်သားသမီးတို့ကို ကျမ်းစာထဲတွင် မှတ်တမ်းတင်ထားခြင်းသည် အံ့ဩဖွယ်ကောင်းသောဖြစ်ရပ် တစ်ခုဖြစ်သည်။ ယုဒသည် သခင်ယေရှုကို မရောင်းစားမှီ တမန်တော်ဆယ့်နှစ်ပါးထဲတွင် ရေတွင်ခြင်းခံရသည်(လု ၆း၁၃–၁၆၊ ၂၂း၃)။ သူသည် အိမ်ထောင်ပြုကာသားသမီးများလည်း ထွန်းကားလျက်ရှိသည်။ သူသေဆုံးသွားပြီးနောက် ပေတရုက တခြားတမန်တော်များထံ(တ ၁း၁၆) "ညီအစ်ကိုတို့ ယေရှုကိုဖမ်းဆီးသွားသောသူတို့အား လမ်းပြသောယုဒရှာကာရုတ်ကို ရည်မှတ်၍သန့်ရှင်းသောဝိညာဉ်တော်သည် ဒါဝိဒ်မင်းကြီး၏နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူနှင့်သော ကျမ်းစာချက်အတိုင်းမပြည့်စုံဘဲမနေရ" ဟု ပြောကြားချက်သည်လည်းရှိသည်။ သူက ဆာလံကျမ်း ၁၀၉း၈ ကိုလည်း ကိုးကားခဲ့ပါသည်။ ၎င်းကို "သူ၏အသက်တာကိုတိုပါစေ၊ သူ၏အရာကိုလည်း အခြားသူရပါစေ" ဟုဖြစ်သည်။ ဤ ဆာလံကျမ်းက ဆက်လက်၍ တူညီသောပုဂ္ဂိုလ်ကိုလည်း(ဆာလံ ၁၀၈း၉–၁၀)ထဲတွင် ဖော်ပြထားသည်ကို မှတ်ထားပါ။ "သူ၏သားတို့သည် ဘသားဆိုး၊ မယားလည်းမုဆိုးမဖြစ်ပါစေ၊ သူ၏သားတို့သည် အရပ်ရပ်လည့်၍ သူတောင်းစားဖြစ်ကြပါစေ။ ပျက်ဆီးသောမိမိတို့နေရာများမှ ထွက်၍အစာကိုရှာကြပါစေ။" ဤစာပိုဒ်က သားသမီးများနှင့် သားစဉ်မြေးဆက်တို့က ဖခင်မဲ့နေခြင်းအကြောင်းကို ဆက်လက်ဖော်ပြထားပါသည်။ ပေတရုက ၎င်းကျမ်းပိုဒ်သည် ယုဒအကြောင်းကို ဗျာဒိတ်ပေးထားခြင်းဖြစ်သည်ဟု ဟောပြောခဲ့သည်။ ထို့ကြောင့် အငြင်းပွားမှုတစ်ခုသည် ယုဒကမယားနှင့်သားသမီးများရှိခြင်းပင်ဖြစ်သည်။

သို့သော် ဤကဲ့သို့ဖော်ပြချက်တို့သည် အဓါကကျသော ခေါင်းစသ်များမဟုတ်ပေ။ ယနေ့ တမန်တော်များ၏ မိသားစုနှင့်ပတ်သက်၍ သမ္မာကျမ်းစာထဲ၌ မရှိသောခံယူချက်တို့ကို

ကျွန်တော်တို့စွဲကိုင်နေသည်ဟု ကျွန်တော်တွေးတောမိပါသည်။ တမန်တော်တို့က ခရစ်တော်၏နောက်သို့လိုက်သည့်အချိန်တွင် မိသားစုမပါဘဲ တစ်ဦးချင်းစီလိုက်လျှောက်နေသည်ကို တွေ့ရသည်။ ယောကျ်ားတိုင်းသည် အိမ်ထောင်ပြု၍သားသမီးထွန်းကားရမည်ဟူသော ဓလေ့ထုံးစံကို နူတ်ကပတ်တော်ထဲတွင် ဖော်ပြထားခြင်းသည် သမိုင်းရှုထောင့်မှ ကြည့်ပါက ပို၍တရားဝင်သော အရာဖြစ်သည်။ တမန်တော်တို့သည် မိသားစုတည်ရှိခြင်းထောက်ပြခြင်းနှင့် သူတို့၏မိသားစုတစ်ခုလုံးသခင်ယေရှု၏ နောက်တော်သို့လိုက်လျှောက်ခြင်းနှင့် ပတ်သက်၍ နူတ်ကပတ်တော်က ဖွင့်ဟခြင်းမရှိကြောင့် ထင်ရှားစွတ်ပြောဖိမြဲဟုတ်ချေဟု ကျွန်တော်ခံယူမိပါသည်။

## ဓမ္မသစ်ကျမ်းထဲရှိမိသားစုဝင်အားလုံး သာသနာလုပ်ငန်း (New Testament Ministry Households)

တမန်တော်တို့က မိသားစုအသီးသီးရှိကြသည်သာမက ဓမ္မသစ်ကျမ်းကအထူးသဖြင့် မိသားစုဝင်အားသာသနာပြုသော မိသားစုအမြားအပြားတို့ကို ဖော်ပြထားပါသည်။ Aquila နှင့် Priscilla တို့သည် သခင်ဘုရား၏သာသနာလုပ်ငန်းအတွက် ဆက်ကပ်လျက်ရှိသော ဇနီးမောင်နံ တွေဖြစ်ကြသည်။ တမန်တော်တို့သည် သူတို့၏မိသားစုတစ်ခုလုံးသာသနာလုပ်ငန်းတွင် ကလေးများရှိသည်/မရှိသည်နှင့် ပတ်သက်၍နူတ်ကပတ်တော်ထဲတွင် ဖော်ပြထားခြင်းမရှိခြင်းကို သာသနာလုပ်ငန်းတွင်ပါဝင်သောသူတို့သည် အိမ်ထောင်မပြုသင့်သည်ဟု မခံယူအပ်ပေ။ သမိုင်းမှတ်တမ်းအရ ဇနီးမောင်နံတို့က သားသမီးမထွန်းကားခြင်းသည် သဘာဝမကျပေ။ ထို့ပြင် သူတို့သည် ရည်မှန်းချက်မရှိ၊ လုပ်ဆောင်ချက်သည်လည်းမရှိခြင်းတို့သည် သဘာဝမကျပေ။

ပေါလုက တမန် ၁၈း၂ ထဲ၌ရှိသော ကောရိန္တုမြို့ရှိ Aquila အဋ္ဌေလာတို့မိသားစုနှင့် တွေ့ဆုံးခြင်းသည် သူကဋင်းမိသားစုနှင့် ရင်နီးကျွမ်းဝင်မှုရှိခဲ့သည်ကို ညွှန်ပြထားပါသည်။ ထို့ကြောင့်ဋင်းမျသားစုက ပေါလုကိုရှာဖွေခြင်းဖြစ်ပါသည်။ သူကို သူတို့၏မိသားစုဝင်အဖြစ် ကြိုဆို လက်ခံကာ မိသားစု၏လုပ်ငန်းဖြစ်သော တဲရှင်ချုပ်လုပ်န်းကို သူနှင့်အတူတကွလုပ်ဆောင်စေခဲ့ သည်(တမန် ၁၈း၃)။ ပေါလုသည် ကောရိန္တုမြို့တွင် တစ်နှစ်ခွဲနေခဲ့သည်။ သူသည်ဧဖက်မြို့သို့ ထွက်ခွာသောအခါ Aquila နှင့် Priscilla တို့နှင့် သူနှင့်အတူ လိုက်သွားခဲ့သည်။ ကျွန်တော်ထင် ထားသည့်အတိုင်း သူတို့မိသားစုသည်သားသမီးရှိခဲ့ပါက ဋင်းခရီးစဉ်တွင်သားသမီးတို့နှင့်အတူ လိုက်ပါသွားမည်ကို သံသယရှိဖွယ်မဟုတ်တော့ပေ။ ပေါလုသည် ဧဖက်မြို့တွင် တိုတောင်းသော အချိန်အတွင်းနေခဲ့ပြီး များမကြာမီ ဋင်းမြို့မှထွက်သွားဖို့ရန် ရည်ရွယ်ထားပါသည်။ သို့သော် Aquila တို့မိသားစုသည် ဧဖက်မြို့တွင် နေရစ်ခဲ့ပါသည်(တမန် ၁၈း၁၈–၁၉)။ ဤသို့ နေရစ်ခြင်း သည် ဋင်းမြို့သို့ သာသနာလုပ်ငန်းအတွက် ပေါလုသည်ပြန်သွားရန် ပြင်ဆင်ထားဖြစ်ခြင်းဖြစ် သည်(အခန်းငယ် ၂၁)။

ပေါလုမရှိသည့် အချိန်အတောတွင် Apollos အာပေါလုဟုခေါ်သောလူတစ်ယောက်ဟာ ဧဖက်မြို့တွင်ရှိသော တရားဇရပ်၌သတင်းကောင်းဟောရန် အစပြုခဲ့သည်။ သို့သော် ထိုသူ၏ အသိပညာသည် အလွန်နည်းပါးသည်။ ထို့ကြောင့် Aquila နှင့် Priscilla တို့ကို “သူသည် ခေါ်ခဲ့သည်” (တမန် ၁၈း၂၆ သူတို့အိမ်ပေါ်သို့ ခေါ်ဆောင်သွားခြင်း ဖြစ်နိုင်သည်။) “ထို့နောက် သူက ဘုရားသခင်၏နည်းလမ်းသည် သာ၍သိရှိနိုင်ရန် သွန်သင်ဆုံးမခဲ့သည်။” နောက်ပိုင်းတွင် ပေါလုက ဤကဲ့သို့ဖော်ပြထားပါသည်(၁တိ ၂း၁၂) “မိန်းမသည် ဆုံးမဩဝါဒပေးခြင်း၊ ယောကျ်ားကိုအစိုးတရပြုစေခြင်းအခွင့်ကို ငါမပေး။ သူသည် တိတ်ဆိတ်စွာနေအပ်၏။” Aquila

နှင့် Priscilla တို့က အာပေါလုကို ဘုရားသခင်၏နည်းလမ်းပို၍ သိရှိနိုင်ရန်သင်ကြားပေးခြင်းသည် ထိုသူတို့အတွက် မည်ကဲ့သို့သင့်လျော်ပါမည်နည်း။

ဤကဲ့သို့ မတူညီသောခံယူချက်များ ဖြေရှင်းပေးနိုင်သောအဖြေကို "ရှင်းပြခြင်း" နှင့် "သွန်သင်ခြင်း" တို့နှစ်ခုခြားနားမှုကို သိရှိခြင်းအားဖြင့် တွေ့ရှိနိုင်သည်။ တခြားဖြစ်နိုင်ချေတစ်ခုကတော့ ယုံကြည်သူများစုရုံးသည့်နေရာတွင် မိန်းမတို့တိတ်ဆိတ်စွာနေသင့်သည်ဟု သတိပေးခြင်းသည်(၁ကော ၁၄း၃၄–၃၅) ယုံကြည်သူများအားလုံး တစ်နေရာတွင်စည်းဝေးစုရုံးသောအခါ သူတို့သည် တိတ်ဆိတ်စွာနေသင့်သည်ကို ပြောလိုခြင်းဖြစ်နိုင်သည် (၁၄း၂၃)။ ၎င်းအကြောင်းအရာ၏ဆိုလိုရင်းသည် မိန်းမတို့က ယောကျ်ားတို့ကိုသွန်သင်ခြင်းမပြုအပ်ပေဟူ၍ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မိန်းမတို့သည် သူတို့၏ဝိညာဉ်ဆုကျေးဇူးတို့ကို အများရှေ့၌မဟုတ် လူတစ်ယောက်တည်းရှိသောနေရာတွင်သာ အသုံးပြုသင့်ပြီပါသည်။ သို့မဟုတ် ယုံကြည်သူတိုင်းစုရုံးသောနေရာမဟုတ်သောတနေရာရာတွင် အသုံးပြုရမည်။ Aquila တို့မိသားစုသာသနာလုပ်ငန်းကို အထူးပြုဖော်ပြထားသည့်အတိုင်း Priscilla က သူမ၏သွန်သင်ခြင်းဆုကျေးဇူးကို အသုံးချသောအခါ တစ်ဦးချင်းဆွေးနွေးတိုင်ပင်သောနေရာတွင်သာ အသုံးပြုသည်ကိုတွေ့ရသည်။ သတင်းကောင်းနှင့်ပတ်သက်၍ အာပေါလု၏မလုံလောက်သောအသိပညာကို ပြုပြင်ပေးကာ ကူညီပေးခဲ့ပါသည်။

အာပေါလုသည် ကောရိန္တုမြို့သို့ ထွက်ခွာသွားပြီးနောက် ဧဖက်မြို့တွင်ညီအစ်ကိုတစ်ချို့ရှိသည်ကို တွေ့ရှိနိုင်သည်(တမန် ၁၈း၂၇)။ သူကို ရင်းနှီးစွာဖြင့်လက်ခံရန် တပည့်တော်များထံ ဤသို့စာရေးခဲ့သည်။ ကောရိန္တုမြို့တွင်ရှိသော တပည့်တော်ချင်းတို့သည် သူ့ကိုလက်ခံမည်အကြောင်းညီအစ်ကိုတို့မှာ စာကိုပေးလိုက်ကြ၏။ Aquila တို့မိသားစု၏ သာသနာလုပ်ငန်းသည် အသီးအပွင့်ရှိသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ပေါလုသည် ကောရိန္တုဩဝါဒစာပထမစောင်ကို ရေးသားခဲ့သည်ကို တွေ့ရသည်။ ဧဖက်မြို့မှ ရေးသားခဲ့သည်ဟု ယူဆနိုင်သည်။ အငွေလာနှင့် ဖလိဆင်လာ (pricilla) တို့ထံမှ နှုတ်ခွန်းဆက်သခြင်းကိုလည်း ပေးပို့ခဲ့သည်(၁ကော ၁၆း၁၉)။ "အာရှိပြည်၌ရှိသော အသင်းတော်များတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။" သူတို့မိသားစု၏ သာသနာလုပ်ငန်းသည် အသီးများစွာသာ၍ သီးနေသည်ကို ကွက်ကွက်ကွင်းကွင်းနွေ့နိုင်သည်။

နှစ်လများကြာလာပြီးနောက် Aquila တို့မိသားစု၏ သာသနာလုပ်ငန်းသည် အလွန်တိုးတက်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။ သို့သော် အချိန်ကြာလာပြီးနောက် ရောမမြို့၌ရှိသောယုံကြည်သူများထံ ပေါလုကစာရေးသောအခါ အထူးသဖြင့်သူပြောသည်မှာ "သခင်ယေရှုအားဖြင့်ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်ဖြစ်သော Aquila နှင့် Priscilla တို့ကို နှုတ်ခွန်းဆက်သပါ၏" (၁၆း၃)။ ဤမိသားစုသည် ယခုရောမမြို့တွင်နေ၍ ဘုရားသခင်ကို သူတို့၏သာသနာလုပ်ငန်း အသုံးပြုနေသည်ကို တွေ့ရသည်။ ပေါလုက သူတို့ကိုအမိန့်ပေးသည်မှာ "ထိုနည်းတူ အာရှိတိုက်ပြည်တွင်ရှိသော အသင်းတော်တို့ကို နှုတ်ခွန်းဆက်သပါ၏" (၁၆း၅) ကောရိန္တုမြို့နှင့် ဧဖက်မြို့တို့၌ Aquila နှင့် Priscilla နှင့် သူတို့၏မိသားစုအားလုံးသာသနာပြုသည့်နည်းတူ ရောမမြို့တွင်လည်း ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်နိုင်ဖို့ရန်အတွက် ထိုမိသားစုတို့သည် လှုပ်ရှားနေသော်ကို ရှင်းလင်းစွာတွေ့ရသည်။

သမ္မာကျမ်းစာထဲတွင် တခြားစိတ်ဝင်စားဖွယ်ကောင်းသော မိသားစုတစ်ခုလုံးအမှုတော်ဆောင်သောမိသားစုသည် ဧဝံဂေလိဆရာ ဖိလိပ္ပုပင်ဖြစ်သည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ ဉာဏ်ပညာနှင့်၎င်း ပြည့်စုံသည်ဟု နာမည်ကျော်ကြားသောသူ (၇)ဦးထဲကတစ်ယောက်အပါအဝင်ဖြစ်သည်။ (တမန် ၆း၃) ယေရှုရှလင်မြို့၌ရှိသော ဆင်းရဲသားများကို အစာရေသာဝေငှတိုက်

ကျွေးပေးရန် တမန်တော်တို့က သူ့ကိုရွေးချယ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ရှမာရိပြည်သို့ သတင်းကောင်းသယ်ဆောင်ရန် အသုံးတော်ခံခဲ့သည်။ ထို့နောက် Ethiofian Eunuch ကို ဘုရားရှင်ထံတော်သို့ ပို့ဆောင်နိုင်ခဲ့သည်။ သမ္မာကျမ်းစာထဲ၌ ဖိလိပ္ပုအိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ရှင်းရှင်းလင်းမဖော်ပြခြင်းသည် သူသည်လူပျိုဖြစ်သည်ဟု မခံယူသင့်ပေ။ သူတို့၏ သမိုင်းရာဇဝင်ကိုလေ့လာသည့်အခါ လူတစ်ယောက်သည်ဇနီးမရှိဘဲ အမှုတော်ဆောင်ခြင်းမရှိပေ။ ထို့ကြောင့် ဖိလိပ္ပုသည် မယားတစ်ယောက်ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဖိလိပ္ပု၏သမီးအပျိုစင်စစ် လေးယောက်ကပရောဖက်သည်ဟု ဖော်ပြထားသောကြောင့်ဖြစ်သည်(တမန် ၂၁း၉)။

ဤကဲ့သို့ မိသားစုတစ်ခုလုံးသာသနာပြုခြင်းသည် ပေါလုနှင့် သူ၏လုပ်ဆောင်ဖက်များ (လုကာအပါအဝင်) ကို ဧည့်ဝတ်ကျေပွန်စွာ ပြုစုနိုင်ခဲ့သည်။ Philip သမီးများ၏ ပရောဖက်ပြုခြင်း၊ သူတို့၏ဆုကျေးဇူးများကိုအခြေခံ၍ ပေါလု၏လမ်းပြသွန်သင်မှုများကို မှားသည်ဟုတစ်ချို့ကခံယူကြသည်(၁ကော ၁၃း၃၄-၃၅)။ ဤအကြောင်းကို သူကဘုရားသခင်၏ဝိညာဉ်တော်များထဲတွင် ပါဝင်သည်ဟုဖော်ပြထားပါသည်။ အခန်းငယ် ၃၇ ၎င်းညီမတို့သည် အသင်းတော်ဝတ်ပြုခြင်းထဲတွင် တိတ်ဆိတ်စွာနေသည်။ ထို့ကြောင့် ဤငယ်ရွယ်သောအပျိုစင်များသည် အသင်းတော်စုရုံးသောနေရာတွင် ပရောဖက်ပြုခဲ့သည်ဟု ဖော်ပြသော ကျမ်းချက်မရှိပေ။ ထိုနည်းတူ တခြားပရောဖက်ဖြစ်သော Agabus သည် ပေါလု၏ ယေရုရှလင်မြို့၌ ချီနှောင်ခြင်းခံရမည့်အကြောင်းကို ပရောဖက်ပြုကာ ဟောကြားခဲ့သည်(တမန် ၂၁း၁၁)။ ဤပရောဖက်ပြုခြင်းကို အသင်းတော်အစည်းအဝေး၌ ဖွင့်ပြောသည် မဖွင့်ပြောသည်ကို သိရှိရန်ဖော်ပြခြင်းမရှိပေ။ သို့သော် Philip မသားစုသည် ဧည့်ဝတ်များကို ဖျော်ဖြေပေးကာဧည့်ဝတ်ကျေပွန်စွာပြုခြင်းကို ဖော်ပြထားငည်။ Philip ၏ သားသမီးများသည် သာသနာလုပ်ငန်းတွင် ဆုတောင်းခြင်း၊ ခွန်အားပေးတိုက်တွန်းခြင်း၊ နှင့် ပရောဖက်ပြုခြင်းအားဖြင့် ပါဝင်ပြီး နေ့တိုင်းယောကျ်ား၊ မိန်းမတို့သည် သူတို့ထံလာရောက်ကြပါသည်။

ဓမ္မသစ်ကျမ်းထဲတွင် တခြားမိသားစုတစ်ခုလုံးအမှုတော်ဆောင်သည်ဟု ဖော်ပြသောမိသားစုသည် (Onesiphorus) ပင်ဖြစ်သည်။ ပေါလုက သူ့ထံ(၂တိ ၁း၁၆-၁၇) "ထာဝရဘုရား၏ဂရုဏာတော်သည် သြနိတ်ဖော်၏ အိမ်၌ သက်ရောက်ပါစေသော်။ သူသည် ငါ့ကိုအဖန်ဖန်သက်သာစေပြီ၊ ငါ၌ သံကြိုးချီနှောင်လျက်ရှိသော်လည်း သူသည်ရှက်ကြောက်ခြင်းမရှိဘဲ ရောမမြို့သို့ရောက်သောအခါ သာ၍ကြိုးစားလျက် ငါ့ကိုရှာ၍တွေ့၏။" ဤသူနှင့် သူတို့မိသားစုသည် ရောမမြို့သို့ ပေါလုကိုရှာဖွေရန်နှင့် သူ၏လိုအပ်မှုများဆောင်ရွက်ပေးရန် သွားခဲ့ပါသည်။ သြဖိဖော်ရနှင့် သူ၏မိသားစုကို ပေါလုက ကောင်းကြီးပေးခဲ့သည်။ အဘယ်ကြောင့်ဆိုကောင်းကြီးပေးခဲ့သနည်း။

ပေါလုက ဆက်လက်ဖော်ပြသည်မှာ (၂တိ ၁း၁၈) "သူသည်ဧဖက်မြို့၌လည်း ငါ့ကိုအဘယ်လောက်ပြုစုသည်ကို သင်သည်အမှန်သိ၏" အိမ်၌နေရစ်ခြင်းဖြင့်သော်၎င်း၊ ခရီးသွားခြင်းဖြင့်သော်၎င်း၊ သန့်ရှင်းသူများ၏ လိုအပ်မှုများကို ဆောင်ရွက်ပေးသောကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးသည် သြဆီဖော်ရပင်ဖြစ်သည်။ သူ၏မိသားစုတစ်ခုလုံးအမှုတော်ဆောင်သည်ဟု ပြောကြားရာတွင် သူတို့သည် အိမ်၌သာ အမျိုးမျိုးသောနည်းလမ်းအားဖြင့် အမှုတောင်ဆောင်သည်ကို တွေးတောရန်မခက်လှပေ။ ၎င်းနည်းလမ်းသည် ဘုရားရှင်အခန့်ပြုသောတခြားသော မိသားစုတဟ်ခုလုံးသာသနာပြုခြင်းပင်ဖြစ်သည်။ ပေါလုက တိမောသေထံသို့ စာရေးသားခြင်းမဆုံးခင်မှာ သြဆီဖော်ရမိသားစုအကြောင်းကို နောက်တဖန်ဖော်ပြထားပါသည်။ သူက (၂တိ ၄း၁၉)ထဲတွင် "ပင်ကိလနှင့် အာကုလမှစ၍ သြဆီဖော်၏အိမ်သူ/သားများကို နှုတ်ဆက်ကြလော့" ဟု ရေးသား

ခဲ့သည်။ မိသားစုတစ်ခုလုံးအိမ်ထောင်ပြုခြင်းသည် ပေါလု၏နှလုံးသားထဲတွင် အဓိကနေရာယူနေသည်ကို တွေ့ရသည်။

နောက်ဆုံး မိသားစုတစ်ခုလုံးအမှုတော်ဆောင်ခြင်းနှင့် ပတ်သက်၍ ကျွန်တော်ခံစားစေလိုသည့်မိသားစုသည် Stephanas မိသားစုတို့ဖြစ်သည်။ ထိုမိသားစုကို ကောရိန္သုမြို့တွင် ပေါလုက ဗတ္တိဇံပေးခဲ့သည်(၁ကော ၁း၁၆) သူတို့သည် Achaia ပြည်နယ်တွင်ရှိသော ရောမမြို့၌ ပေါလုအားဖြင့် ပထမဆုံးပြောင်းလဲသောသူများ(အဦးသီးသောအသီးများ) ဖြစ်ကြသည်။ သူတို့ကို မိသားစုတစ်ခုလုံးသာသနာလုပ်ငန်းတွင် ပါဝင်သောသန့်ရှင်းသူများဖြစ်သည်ဟု ပေါလုက ဖော်ပြခဲ့သည်။ (၁ကော ၁၆း၁၅) ဓမ္မသစ်ကျမ်းထဲတွင် တခြားနေရာ၌မတွေ့ရှိသောအရာများကို သူက ထောက်ခံအားပေးခဲ့သည်။ သူ၏ အားပေးချက်များကို (၁ကော ၁၆း၁၆) ကောရိန္သုမြို့၌ရှိသော သန့်ရှင်းသူများက လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။ Stephanas မိသားစုတို့၏ ဆက်ကပ်သည့်နည်းတူ အသင်းတော်သည်လည်း ထိုကဲ့သို့လုပ်ရန် ပေါလုကပြောခဲ့သည်။ ဆက်ကပ်ခြင်းဟူသောစကားလုံးကို ဂရိဘာစကားအားဖြင့် Hupotasso ဟုခေါ်ပြီး တချို့အင်္ဂလိပ်ဘာသာပြန်ဆရာများက အသင်းတော်၏ဆက်နွယ်ခြင်းကို ဖော်ပြလိုသည်ဟုဘာသာပြန်ဆိုသည်။ ၎င်းစကားလုံးကို စစ်ရေးကိစ္စတွင် အသုံးပြုသောစကားလုံးများဖြစ်ပြီး အောက်ကျို့ခံခြင်းနှင့် အမိန့်နာခံခြင်းဟု အဓိပ္ပာယ်ရသည်။

## မိမိအသက်တာ၌ ရောင်ပြန်ဟတ်ခြင်း (Application)

လူတစ်ဦးတစ်ယောက်ကို မကျိုးရှိရှိဖော်ပြထားခြင်းသည် ပြောရုံမျှသာပြောချင်းထက်သာ၍အကျိုးရှိသည်ကို သိသာထင်ရှားသည်။ သခင်ယေရှု၏အသင်းတော်၌ ဦးဆောင်သောသူတို့သည်သိုးများအတွက် သခင်ကဲ့သို့ မအုပ်ချုပ်ဘဲသိုးများအတွက် စံပြထိုက်သောပုဂ္ဂိုလ်ဖြစ်ခြင်းသည် သမ္မာကျမ်းစာဖော်ပြသော အချက်ဖြစ်သည်။ (၁ပေ ၅း၃)။ သင်းထောက်လူကြီးများသည် သိုးများအတွက် နမူနာယူထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်းသည် အဓိကအားဖြင့် သူတို့၏မိသားစုစီမံခန့်ခွဲရေး နည်းစနစ်ကို ဖော်ပြလိုခြင်းဖြစ်သည်။ ထိုကဲ့သို့ နမူနာယူထိုက်သော ပုဂ္ဂိုလ်ဖြစ်နိုင်ဖို့ရန်အတွက် အသင်းတော်၌အမှုတောင်ဆောင်၏ လုပ်ဆောင်သောနည်းစနစ်သည် ထိုသူတို့၏အိမ်ထောင်မိသားစု လမ်းပြမှုနည်းစနစ်ဖြင့် ပြသရမည်။

ကျွန်တော်ယုံကြည်သူအားလုံးကို မိသားစုချစ်သော ဘုရားသခင်၏နှလုံးသား ဖွင့်ပြချက်တို့ကို ရှာဖွေရန်စိန်ခေါ်လိုပါသည်။ ထို့ယောက် ကျွန်တော်တို့အယောက်စီတိုင်းထံသို့ ပြဋ္ဌာန်းသော စည်းမျဉ်းစည်းကမ်းများကို အသိအမှတ်ပြုရန်လိုအပ်သည်။ ကျွန်တော်ခရစ်ယာန်အမှုတော်ဆောင်သူမျိုးကို သာသနာပြုရာတွင် သူတို့၏မိသားစုကို ပထမလုပ်ငန်းအဖြစ်ဆောင်ရွက်ရန်တိုက်တွန်းလိုက်ပါသည်။ သူတို့၏ သားသမီးများသာ် သူတို့၏ပထမဆုံးတပည့်တော်များဖြစ်သည်။ ကျွန်တော်တို့ သူတစ်ပါးအတွက် အမှုတော်ဆောင်သည့်အခါ ကျွန်တော်တို့မိသားစု၌လုပ်ဆောင်သည့်နည်းတူ အတတ်နိုင်ဆုံးအကောင်းဆုံးလုပ်ဆောင်ရန်လိုအပ်သည်။

ကျွန်တော်အမှုတော်ဆောင်ခြင်း နှစ်လကြာလာပြီးနောက်ဘုရားသခင်က ကျွန်တော်တစ်ဦးတည်းခရီးသွားရန်ခွင့်မပြုတော့ပေ။ အများအားဖြင့် အခြားသောညီအစ်ကိုတစ်ယောက်က ကျွန်တော်နှင့်ခရီးသွားကာ အမှုတော်ဆောင်ခဲ့သည်။ သို့သော် တခါတရံကျွန်တော်ဇနီးနှင့်ကျွန်တော်၏ကလေးတစ်ယောက် ခေါ်သွားလေ့ရှိသည်။ နီးကပ်သောသာသနာခရီးစဉ်လုပ်ငန်းသွားသောအခါ ကျွန်တော်သည် မိသားစုတစ်ခုလုံးကို ခေါ်သွားလေ့ရှိသည်။ (ကျွန်တော်ဤကဲ့သို့ ရေးသားခြင်း၏ အဓိပ္ပာယ်သည် အိန္ဒိယနိုင်ငံတို့ သာသနာလုပ်ငန်း သုံးလပတ်လုံးလုပ်ဆောင်သော

အခါမှာ မိသားစုတစ်ခုလုံးဖြစ်သော ဇနီးနှင့်ကလေးခြောက်ယောက် ခေါ်ဆောင်သွားသည်ကို ဖော်ပြလိုခြင်းဖြစ်သည်။) ဤအချက်ကို ဖော်ပြရန်ခက်ခဲသော်လည်း ကျွန်တော်မသားစုသည် သာသနာလုပ်ငန်းတွင် ကျွန်တော်နှင့်အတူခက်ခဲစွာနေခြင်းသည် အားရဖွယ်ကောင်းသောဖြစ်ရပ်မှန်တစ်ခုဖြစ်သည်။ ကျွန်တော်၏စကားသည် မယုံကြည်နိုင်ဖွယ်ကောင်းသော စကားနှင့်တူသည်။ သို့သော် လူတွေက ကျွန်တော်အသက်တာမှရသော အသီးများကိုတွေ့သောအခါ သူတို့အတွက် တည်ဆောက်စရာ ဖြစ်ခဲ့သည်။

ကျွန်တော်မိသားစုသည် Stephanas မိသားစုကဲ့သို့ ဖြစ်နိုင်ဖို့ရန်အတွက်ငင်း သခင်ယေရှုဘုရားကို ပျော်ရွှင်စေသော စံပြထိုက်သောမိသားစုဖြစ်နိုင်ဖို့ရန်အတွက်သော်ငင်း၊ တန်ခိုးရှိသော သာသနာပြုမိသားစုဖြစ်နိုင်ဖို့ရန် သော်လည်းကောင်း ကျွန်တော်တောင်းတလျှက်ရှိသည်။

Johnathan Lindvall